# ဆရာတော်အရှင်ဥက္ကံသ၏ အတ္ထုပ္ပတ္တိအကျဉ်း


**Pa Auk Mediation Centre (P A M C)**

15 Teo Kim Eng Road, Singapore 416385

ဖုန်း ၀၆၅ ၉၁၄၄၃၉၀၅

ukkansa@gmail.com




ဆရာတော်အရှင်ဥက္ကံသကို ၁၉၇၁ခုနှစ် စက်တင်ဘာလ (၅)ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ကြာဖြူစု ရပ်ကွက်နေ အဖဦးခင်မြင့် အမိဒေါ်အေးသန်းတို့မှ ဖွားမြင်ခဲ့သည်။ အသက် ၁၇-နှစ်ကျော်အရွယ်တွင် ကျိုက်ထိုမြို့ သေက္ခတောင်ကျောင်း ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့ပါသည်။

၁၉၉၀-ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကျိုက်ထိုမြို့ ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တပုညဝန္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

၁၉၉၀-ခုနှစ်မှ ၁၉၉၄-ခုနှစ်အထိ ကျိုက်ထိုမြို့ ခေမာသီဝံကျောင်း၌ အခြေပြုမူလတန်း၊ ပထမငယ်တန်းကို သင်ယူအောင်မြင်ပြီး၊ ၁၉၉၅-ခုနှစ်မှ ၁၉၉၈-ခုနှစ်အထိ ပဲခူးမြို့ သာသနာ့လင်းရောင်ကြည် ပရိယတ္တိစာသင်တိုက်၌ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို သင်ယူအောင်မြင်ခဲ့သည်။ ၁၉၉၈-ခုနှစ်မှ ၂၀၀၃-ခုနှစ်အထိ ဓမ္မာစရိယတန်းစာများကို သင်ယူလျက် တဘက်မှလည်း ပထမလတ်တန်း ပထမကြီးတန်း ဆိုင်ရာ စာဝါများကိုလည်း ငါးနှစ်တိုင်တိုင် သင်ကြားပို့ချပေးခဲ့သည်။

၂၀၀၃-ခုနှစ်တွင် မော်လမြိုင်မြို့ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာသို့ ပြောင်းရွှေ့ကာ ဖားအောက်တောရ ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏထံ၌ သုံးနှစ်တိုင်တိုင် သမထ၊ ဝိပဿနာဆိုင်ရာ တရားဓမ္မများကို သင်ယူခဲ့သည်။ တဘက်မှလည်း ဆရာတော်၏ တာဝန်ပေးချက်အရ နာယကအဖွဲ့ဝင်အဖြစ် ကျောင်းတိုက် သာသနာ့ရေးဆိုင်ရာ တာဝန်များကို ထမ်းဆောင်ပေးခဲ့သည်။ ၂၀၀၆-ခုနှစ် ဒီဇင်ဘာလတွင် ဆရာတော်ကြီးမှ ကမ္မဋ္ဌာန်းဆရာအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ဖားအောက်တောရ၌ တစ်နှစ်ခွဲခန့် တရားများပြသခဲ့ပြီး၊ ၂၀၀၇-ခုနှစ် ဒီဇင်ဘာ(၁)ရက်နေ့မှ စ၍ စင်္ကာပူနိုင်ငံ Pa-Auk Meditation Centre (P A M C)သို့ ကြွရောက် သီတင်းသုံးနေထိုင်လျက် မလေးရှား အင်ဒိုနီးရှားနိုင်ငံများသို့လည်း အခါအားလျော်စွာ သွားရောက် သာသနာပြုလျက် ရှိပါသည်။

ယခုအခါ စင်ကာပူနိုင်ငံ ဖားအောက်တောရ သာသနာ့ရိပ်သာတွင် တရားဓမ္မများကို သင်ကြားပို့ချကာ သီတင်းသုံးလျက် ရှိပါသည်။